**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**(ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂**

**၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်**

**(၂၀၁၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်)**

ပညာရေးဝန်ကြီးဌာနသည် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများ ကိုထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအ တိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ဥပဒေဆိုသည်မှာ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ဆိုသည်။

(ခ) ကြီးကြပ်အုပ်ချုပ်သူ ဆိုသည်မှာ ကိုယ်ပိုင်ကျောင်း၏ သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် အုပ် ချုပ်မှုကိစ္စရပ်များအား တာဝန်ခံဆောင်ရွက်ရသူကို ဆိုသည်။

(ဂ) အုပ်ချုပ်မှုအဖွဲ့ဝင်ဆိုသည်မှာ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ရန် ငွေကြေး၊ မြေနေရာ၊ စာ သင်ဆောင်၊ ဘော်ဒါဆောင်၊ ပစ္စည်း၊ ပရိဘောဂ စသည့် အရင်းအနှီးများအတွက် အစုဝင်အဖြစ် ထည့်ဝင်သော ပုဂ္ဂိုလ်ကိုဆိုသည်။

(ဃ) ဘာသာရပ်ဘွဲ့ဆိုသည်မှာ တက္ကသိုလ်တစ်ခုခုမှ သတ်မှတ်ထားသည့် ဘာသာရပ်ဆိုင်ရာ ကနဦး ဘွဲ့ကိုဆိုသည်။

(င) တွဲဖက်သင်ရိုးဝင်ဘာသာရပ် ဆိုသည်မှာ ရက်သတ္တပတ် သင်ချိန်ဇယားတွင်ပါဝင်ပြီး ကျောင်း သား၊ ကျောင်းသူများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးဆိုင်ရာ စွမ်းရည်များ ဖွံ့ ဖြိုးလာစေရန် လေ့ကျင့်သင်ကြားပေးသည့် ပညာရည်စစ်ဆေးတိုင်းတာမှုမပြုသော ဘာသာရပ် ကိုဆိုသည်။

Myanmar Law Information System (MLIS)

## အခန်း (၂)
## ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ခြင်း

၃။ ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီသည့် ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ် လိုသူသည် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ခွင့်ရရှိရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) **ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လျှောက် လွှာပုံစံ (၁) ခြောက်စောင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးမှ ထုတ်ယူရမည်။**

(ခ) နည်းဥပဒေခွဲ (က) အရ ထုတ်ယူသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လျှောက်လွှာပုံစံ (၁)ကို ပညာသင်နှစ်မစတင်မီ ခြောက်လထက်မစော ငါးလထက်နောက်မကျစေဘဲ သက်ဆိုင်ရာတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးသို့ တင်သွင်းရမည်။

(ဂ) ထိုသို့တင်သွင်းရာတွင် ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုသူ၏ ကိုယ်ရေးမှတ်တမ်း၊ ကြီး ကြပ်အုပ်ချုပ်သူ၏ ကိုယ်ရေးအချက်အလက်နှင့် ကိုယ်ရေးမှတ်တမ်းများကို ပူးတွဲတင်သွင်းရ မည်။ အဖွဲ့ဖြင့် တည်ထောင်ဖွင့်လှစ်လိုပါက အုပ်ချုပ်မှုအဖွဲ့ဝင်များစာရင်း၊ ယင်းတို့၏ ကိုယ် ရေးအချက်အလက်များကို ထပ်ဆောင်းပူးတွဲတင်သွင်းရမည်။

(ဃ) ထပ်ဆောင်းဘာသာရပ်နှင့် ထပ်ဆောင်းသင်ခန်းစာများ သင်ကြားလိုပါက သက်ဆိုင်ရာ သင် ခန်းစာများနှင့် သင်ချိန်နာရီသတ်မှတ်ချက်များကိုပါ ပူးတွဲတင်ပြရမည်။

(င) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်မေးမြန်းရန် သက်ဆိုင်ရာ ပညာရေးအရာရှိက ခေါ်ယူလျှင် ချိန်းဆိုသော နေ့ရက်နှင့်အချိန်အတိုင်း-

(၁) တစ်ဦးတည်းတည်ထောင်ဖွင့်လှစ်ခွင့် လျှောက်ထားခြင်းဖြစ်ပါက ကြီးကြပ်အုပ်ချုပ်သူနှင့် အတူ မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းများ ယူဆောင်လာရမည်၊

(၂) အဖွဲ့ဖြင့် တည်ထောင်ဖွင့်လှစ်ခွင့် လျှောက်ထားခြင်းဖြစ်ပါက ကြီးကြပ်အုပ်ချုပ်သူနှင့်အတူ မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းများအပြင် အုပ်ချုပ်မှုအဖွဲ့ဝင်များ၏ နိုင်ငံသား စိစစ်ရေးကတ်ပြားမူရင်းများ ယူဆောင်လာရမည်။

၄။ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုသူသည် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ခွင့်ပြုသည့် အကြောင်း ကြားစာရရှိလျှင် ရက်သတ္တပတ် နှစ်ပတ်အတွင်း ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ကြေးကို သတ်မှတ်ထား သော မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ပေးသွင်းပြီး **ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ကြေးပေးသွင်းမှု ပုံစံ (၂)** တွင် အချက်အလက်များ ဖြည့်သွင်း၍ ငွေသွင်းချလန်တစ်စောင်နှင့်အတူ ပညာရေးအရာရှိထံ တင်ပြရ မည်။

Myanmar Law Information System (MLIS)

၅။ ကိုယ်ပိုင်ကျောင်းအတွက် မှတ်ပုံတင်ကြေးမှာ ငွေကျပ်ငါးသိန်းဖြစ်သည်။

၆။ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုသူသည် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ရရှိပြီးနောက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) **အခြေခံပညာအဆင့်၊ အတန်းနှင့် ဘာသာရပ်အလိုက် သင်ကြားမည့် ကိုယ်ပိုင်ကျောင်းဆရာများ ၏အမည်စာရင်းကို ကိုယ်ပိုင်ကျောင်းတွင်သင်ကြားမည့် ကိုယ်ပိုင်ကျောင်းဆရာများအမည်စာ ရင်းပုံစံ (၃)ဖြင့် ပြုစုပြီး ရက်သတ္တပတ်နှစ်ပတ်အတွင်း ပညာရေးအရာရှိထံ ပေးပို့ရမည်။**

(ခ) အခြေခံပညာအဆင့်၊ အတန်း၊ ဘာသာရပ်အလိုက် လိုအပ်သည့် သိပ္ပံပစ္စည်းများနှင့် ဓာတ်ဆေး များ၊ မီဒီယာအခန်းသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ စုဆောင်းပြီး သက်ဆိုင်ရာ ပစ္စည်းအမျိုးအစားအလိုက် အမျိုးအမည်နှင့် အရေအတွက်စာရင်းကို နှစ်လအတွင်း ပညာရေး အရာရှိထံ တင်ပြရမည်။

၇။ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်သူသည် မိမိကိုယ်ပိုင်ကျောင်းရှိ ကိုယ်ပိုင်ကျောင်းဆရာအင်အား တိုးခြင်း၊ လျှော့ခြင်းအတွက် **ကိုယ်ပိုင်ကျောင်းဆရာ အတိုး၊ အလျှော့စာရင်း ပုံစံ (၄)** တွင်ဖြည့်စွက် ပြုစု၍ ပညာရေးအရာရှိထံ ရက်သတ္တပတ်နှစ်ပတ်အတွင်း တင်ပြရမည်။

## အခန်း (၃)

## ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်ခြင်း

၈။ ဥပဒေပုဒ်မ ၁၇ ပြဋ္ဌာန်းချက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူသည်-

(က) ပညာရေးဘွဲ့ကိုသော်လည်းကောင်း၊ သင်ကြားမည့် ဘာသာရပ်နှင့် ကိုက်ညီသည့်အသက်မွေး ဝမ်းကျောင်းဆိုင်ရာဘာသာရပ်ဘွဲ့ သို့မဟုတ် မဟာဘွဲ့ သို့မဟုတ် မဟာဘွဲ့အထက်ကို သော် လည်းကောင်းရရှိပါက အထက်တန်းအဆင့်အတွက် ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက် မှတ် လျှောက်ထားနိုင်သည်။

(ခ) ပညာရေးဘွဲ့ကိုသော်လည်းကောင်း၊ သင်ကြားမည့် ဘာသာရပ်နှင့် ကိုက်ညီသည့် ဘာသာရပ် ဘွဲ့အပြင် သင်ကြားမည့်အဆင့်နှင့်ကိုက်ညီသော ဆရာအတတ်ပညာဆိုင်ရာ ဒီပလိုမာ သို့မ ဟုတ် ဆရာအတတ်သင်ပညာရေးလက်မှတ် သို့မဟုတ် ဆရာအတတ်ပညာ ရက်တိုသင်တန်း ဆင်း လက်မှတ်ကိုသော်လည်းကောင်း ရရှိပါက မူလတန်းအဆင့် သို့မဟုတ် အလယ်တန်းအ ဆင့်အတွက် ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ် လျှောက်ထားနိုင်သည်။

(ဂ) ဘွဲ့တစ်ခုခုရရှိပြီး တက္ကသိုလ်၊ ကောလိပ်သို့မဟုတ် အခြေခံပညာကျောင်းတွင် ဆရာအဖြစ်ဖြစ် စေ၊ နိုင်ငံတော်မှ

Myanmar Law Information System (MLIS)

ခွင့်ပြုထားသည့် ဘာသာပြဆရာအဖြစ်ဖြစ်စေ ဆောင်ရွက်ခဲ့ပြီး ဘာသာရပ် ဆိုင်ရာ သင်ကြားမှုအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိသူဖြစ်ပါက သက်ဆိုင်ရာအခြေခံပညာ အဆင့်အတွက် ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ် လျှောက်ထားနိုင်သည်။

(ဃ) တွဲဖက်သင်ရိုးဝင်ဘာသာရပ်ဆိုင်ရာ ဘာသာရပ်ဘွဲ့ သို့မဟုတ် ဒီပလိုမာ သို့မဟုတ် သင်တန်း ဆင်းလက်မှတ် ရရှိသူဖြစ်ပါက မူလတန်းအဆင့် သို့မဟုတ် အလယ်တန်းအဆင့်အတွက် အဆို ပါဘာသာရပ်ဖြင့် ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ် လျှောက်ထားနိုင်သည်။

(င) တွဲဖက်သင်ရိုးဝင်ဘာသာရပ်ဆိုင်ရာ ဘာသာရပ်ဘွဲ့ သို့မဟုတ် ဒီပလိုမာရရှိသူဖြစ်ပါက အထက် တန်းဆင့်အတွက် အဆိုပါဘာသာရပ်ဖြင့် ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင် လက်မှတ် လျှောက်ထားနိုင်သည်။

(စ) ကြီးကြပ်အုပ်ချုပ်သူသည် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုပါက ကိုယ်ပိုင်ကျောင်း ဆရာမှတ်ပုံတင်လက်မှတ် လျှောက်ထားနိုင်သည်။

၉။ နည်းဥပဒေ ၈ အရ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားသူသည် အောက်ပါအတိုင်း ဆောင် ရွက်ရမည်-

(က) **ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လျှောက်လွှာ ပုံစံ (၅) လေးစောင်ကို သက်ဆိုင်ရာ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးမှ ထုတ်ယူရမည်။**

(ခ) နည်းဥပဒေခွဲ (က) အရ ထုတ်ယူထားသော ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်း၍ မိမိ၏ကိုယ်ရေးမှတ်တမ်း၊ နိုင်ငံသားစိစစ် ရေးကတ်ပြား၊ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်မိတ္တူများနှင့်အတူ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်ပညာရေးမှူးရုံးသို့ ပူးတွဲတင်သွင်းရမည်။

(ဂ) ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်မေးမြန်းရန် ပညာရေး အရာရှိက ခေါ်ယူလျှင် ချိန်းဆိုသော နေ့ရက်နှင့် အချိန်အတိုင်း မပျက်မကွက် ကိုယ်တိုင်လာ ရောက်ရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်မူရင်းများကို တစ်ပါ တည်း ယူဆောင်လာရမည်။

(ဃ) **ကိုယ်ပိုင်ကျောင်းဆရာအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့် အကြောင်းကြားစာရရှိပါက မှတ်ပုံတင် ကြေးကို သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ပေးသွင်းပြီး ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်ကြေးပေးသွင်းမှု ပုံစံ (၆) တွင် အချက်အလက်များ ဖြည့်သွင်း၍ ငွေသွင်းချလန်တစ် စောင်နှင့် အတူ ပညာရေးအရာရှိထံ တင်ပြရမည်။**

၁၀။ ကိုယ်ပိုင်ကျောင်းဆရာအတွက် မှတ်ပုံတင်ကြေးမှာ ငွေကျပ်ငါးသောင်းဖြစ်သည်။

## အခန်း (၄)

**နှစ်စဉ်ကြေးပေးသွင်းခြင်း**

၁၁။ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ခွင့်ရရှိသူသည် နှစ်စဉ်ကြေးပေးသွင်းခြင်းနှင့် စပ်လျဉ်း၍ -

(က) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ် ရရှိပြီးနောက် နှစ်စဉ်ကြေးကို ပေးသွင်းရမည်။

(ခ) နှစ်စဉ်ကြေးကို နှစ်စဉ်သော်လည်းကောင်း၊ အများဆုံး ငါးနှစ်အထိ တစ်လုံးတစ်ခဲတည်းသော် လည်းကောင်း သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ပေးသွင်းနိုင်သည်။

(ဂ) **သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ခွဲမှ ငွေသွင်းချလန်ရရှိသည့်အခါ ကိုယ်ပိုင်ကျောင်း နှစ်စဉ်ကြေးပေးသွင်းမှု ပုံစံ (၇) တွင် အချက်အလက်များ ဖြည့်စွက်၍ ငွေသွင်းချလန်တစ်စောင် နှင့်အတူ ပညာရေးအရာရှိထံ တင်ပြရမည်။**

(ဃ) ကိုယ်ပိုင်ကျောင်း ဆက်လက်တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုကာလမကုန်ဆုံးမီ အနည်းဆုံး သုံးလကြိုတင်၍ ဆက်လက်ဖွင့်လှစ်လိုသည့်ကာလအတွက် နှစ်စဉ်ကြေး ပေးသွင်းရမည်။

(င) ကိုယ်ပိုင်ကျောင်းအတွက် နှစ်စဉ်ကြေးမှာ ငွေကျပ်သုံးသိန်းဖြစ်သည်။

၁၂။ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်ခွင့်ရရှိသူသည် နှစ်စဉ်ကြေးပေးသွင်းခြင်းနှင့် စပ်လျဉ်း၍-

(က) ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ်ရရှိပြီးနောက် နှစ်စဉ်ကြေးကို ပေးသွင်းရမည်။

(ခ) နှစ်စဉ်ကြေးကို နှစ်စဉ်သော်လည်းကောင်း၊ အများဆုံး သုံးနှစ်အထိ တစ်လုံးတစ်ခဲတည်းသော် လည်းကောင်း သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ပေးသွင်းနိုင်သည်။

(ဂ) **သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ခွဲမှ ငွေသွင်းချလန်ရရှိသည့်အခါ ကိုယ်ပိုင်ကျောင်း ဆရာနှစ်စဉ်ကြေးပေးသွင်းမှု ပုံစံ (၈)တွင် အချက်အလက်များ ဖြည့်စွက်၍ ငွေသွင်းချလန် တစ်စောင်နှင့်အတူ ပညာရေးအရာရှိထံ တင်ပြရမည်။**

(ဃ) ကိုယ်ပိုင်ကျောင်းဆရာအဖြစ် ဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုကာလမကုန်ဆုံးမီ အနည်းဆုံး သုံးလကြိုတင်၍ ဆက်လက်လုပ်ကိုင်လိုသည့် ကာလအတွက် နှစ်စဉ်ကြေးပေးသွင်းရမည်။

(င) ကိုယ်ပိုင်ကျောင်းဆရာအတွက် နှစ်စဉ်ကြေးမှာ ငွေကျပ်သုံးသောင်းဖြစ်သည်။

**အခန်း(၅)**

**ပညာရေးအရာရှိ၏ လုပ်ငန်းတာဝန်များ**

၁၃။ ပညာရေးအရာရှိသည် ကိုယ်ပိုင်ကျောင်းနှင့်စပ်လျဉ်း၍-

Myanmar Law Information System (MLIS)

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးသို့ လျှောက်ထားလာသည့် ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုသူအား ပုံစံ (၁)နှင့်အတူ လိုက်နာရမည့် သတ်မှတ်ချက် များကိုထုတ်ပေးရမည်။

(ခ) ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုသူ၏ မှတ်ပုံတင်ခွင့်လျှောက်လွှာကို ပဏာမစိစစ်ပြီး လျှောက်လွှာနှင့် ပူးတွဲတင်ပြထားသည့် အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိမရှိ အသေးစိတ် စိစစ်ရမည်။

(ဂ) သက်ဆိုင်ရာလျှောက်လွှာရှင်ကို ကိုယ်တိုင်လာရောက်ရန် ချိန်းဆိုခေါ်ယူ၍ မေးမြန်းစိစစ်ရမည်။

(ဃ) ကိုယ်ပိုင်ကျောင်းဖွင့်လှစ်မည့် အဆောက်အအုံ၊ မြေနေရာ၊ ပရိဘောဂနှင့် ကျောင်းသုံးပစ္စည်းများ သည် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးစေရ မည်။

(င) နည်းဥပဒေခွဲ (ဃ)ပါ စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအရ ရက်သတ္တပတ်နှစ်ပတ်အတွင်း မိမိ၏သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

(စ) ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင်ကျောင်းအတွက် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းရန် တည်ထောင်ဖွင့်လှစ်သူထံ အကြောင်းကြားရမည်။

(ဆ) တည်ထောင်ဖွင့်လှစ်သူက မှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း ငွေသွင်းချလန်တင်ပြလာပါက ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် စာအုပ်တွင် ရေးသွင်း၍ ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် ပညာ ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဇ) **ပညာရေးဝန်ကြီးဌာနက ထုတ်ပေးသည့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ် ပုံစံ (၉) ကို တည်ထောင်ဖွင့်လှစ်သူသို့ ထုတ်ပေးရမည်။**

၁၄။ ပညာရေးအရာရှိသည် ကိုယ်ပိုင်ကျောင်းဆရာနှင့် စပ်လျဉ်း၍-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးသို့ လျှောက်ထားလာသည့် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုသူအား ပုံစံ (၅)နှင့်အတူ လိုက်နာရမည့် သတ်မှတ် ချက်များကို ထုတ်ပေးရမည်။

(ခ) ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုသူ၏ မှတ်ပုံတင်ခွင့်လျှောက်လွှာကို ပဏာမစိစစ်ပြီး လျှောက်လွှာနှင့် ပူးတွဲတင်ပြထားသည့် အချက်အလက်များ ပြည့်စုံမှန်ကန်မှု ရှိမရှိ အသေးစိတ် စိစစ်ရမည်။

(ဂ) သက်ဆိုင်ရာလျှောက်လွှာရှင်ကို ကိုယ်တိုင်လာရောက်ရန် ချိန်းဆိုခေါ်ယူ၍ မေးမြန်းစိစစ်ရမည်။

(ဃ) ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုသူများအနက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှု မရှိသဖြင့်

Myanmar Law Information System (MLIS)

ဆရာအတတ်ပညာရက်တိုသင်တန်း တက်ရောက်လိုကြောင်း တင်ပြလာပါက ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(င) နည်းဥပဒေခွဲ (ဃ) အရ သင်တန်းတက်ရောက်လိုသူများကို စိစစ်၍ ပညာရေးဝန်ကြီးဌာနက ဆရာအတတ်ပညာရက်တိုသင်တန်း ဖွင့်လှစ်ရန် သတ်မှတ်သည့် ပညာရေးတက္ကသိုလ် သို့မဟုတ် ပညာရေးကောလိပ်သို့ အချိန်မီစေလွှတ်ပေးရမည်။

(စ) ဘာသာရပ်အလိုက် ထပ်ဆောင်းသင်ကြားမည့် သင်ခန်းစာများနှင့် ထပ်ဆောင်းဘာသာရပ်၏ သင်ခန်းစာများကို စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

(ဆ) ကိုယ်ပိုင်ကျောင်းဆရာတစ်ဦးကို ဘာသာရပ်နှစ်ခုအထိ သင်ကြားခွင့်ပြုနိုင်သည်။

(ဇ) **အခြေခံပညာသင်ရိုးမာတိကာအတိုင်း သင်ကြားခွင့်ပြုရန် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားလာသူများအနက် သတ်မှတ်ချက်များနှင့် ကိုက်ညီသူအား ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ် ပုံစံ (၁၀)ကို ထုတ်ပေးရမည်။**

(ဈ) **ထပ်ဆောင်းဘာသာရပ် သို့မဟုတ် ထပ်ဆောင်းသင်ခန်းစာများ သင်ကြားခွင့်ပြုရန် ကိုယ်ပိုင် ကျောင်းဆရာအဖြစ် လျှောက်ထားလာသူများအနက် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ခွင့် ပြုသူအား ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ် ပုံစံ (၁၀)ကိုပင် ထုတ်ပေးရမည်။**

၁၅။ ပညာရေးအရာရှိသည် တည်ထောင်ဖွင့်လှစ်သူ၊ အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူနှင့် ကိုယ်ပိုင်ကျောင်းဆရာများ လိုက်နာဆောင်ရွက်ရမည့်အချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ် ကြောင်း ဝန်ခံကတိပြုချက်များအား အဆိုပါပုဂ္ဂိုလ်များထံမှ ရယူထားရှိရမည်။

၁၆။ ပညာရေးအရာရှိသည် ကိုယ်ပိုင်ကျောင်းအရေအတွက်နှင့် အမည်စာရင်းကို ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညွှန်ကြားရေးမှူးချုပ်တို့ထံသို့ သုံးလတစ်ကြိမ် ပေးပို့ ရမည်။

## အခန်း(၆)

## ကိုယ်ပိုင်ကျောင်းဆိုင်ရာ သတ်မှတ်ချက်များ

၁၇။ ကိုယ်ပိုင်ကျောင်းဆိုင်ရာ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မူလတန်းအဆင့်တွင်-

(၁) ကျောင်းသားတစ်ဦးအတွက် စာသင်ခန်းကြမ်းပြင်ဧရိယာ ၁၂ စတုရန်းပေအောက် မလျော့ နည်းခြင်း၊

(၂) စာသင်ခန်းတစ်ခန်း၏ ကြမ်းပြင်ဧရိယာအကျယ်အဝန်းသည် ၂၄၀ စတုရန်းပေအောက် မလျော့နည်းခြင်း၊

(၃) စာသင်ခန်းတစ်ခန်းတွင် ကျောင်းသား ၄၀ ဦးထက်မပိုဘဲထားရှိခြင်း။

(ခ) အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့တွင်-

(၁) ကျောင်းသားတစ်ဦးအတွက် စာသင်ခန်းကြမ်းပြင်ဧရိယာ ၁၈ စတုရန်းပေအောက် မလျော့ နည်းခြင်း၊

(၂) စာသင်ခန်းတစ်ခန်း၏ ကြမ်းပြင်ဧရိယာအကျယ်အဝန်းသည် ၃၆၀ စတုရန်းပေအောက် မလျော့နည်းခြင်း၊

(၃) စာသင်ခန်းတစ်ခန်းတွင် ကျောင်းသား ၄၀ ဦးထက်မပိုဘဲထားရှိခြင်း။

(ဂ) အတန်းစဉ်အလိုက် လစဉ်ကျောင်းသားဦးရေ အတိုး၊ အလျော့စာရင်းနှင့် ကျောင်းသားအမည် စာရင်းတို့ကို ပြုစုထားရှိခြင်း၊

(ဃ) ကျောင်းလခ၊ ကျောင်းရန်ပုံငွေနှင့် ကျောင်းလုပ်ငန်းအလိုက် ကောက်ခံသုံးစွဲမှုဆိုင်ရာရငွေ၊ သုံးငွေစာရင်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ပြုစုထားရှိခြင်း၊

(င) ကျောင်းစတင်ဖွင့်လှစ်သည့် နေ့ရက်ကို ရက်သတ္တပတ်တစ်ပတ်အတွင်း ပညာရေးအရာရှိထံ စာဖြင့်အစီရင်ခံခြင်း၊

(စ) ပညာသင်နှစ် စတင်ဖွင့်လှစ်ချိန်တွင် အတန်းစဉ်အလိုက် ကျောင်းသားဦးရေနှင့် အမည်စာရင်း ကို ပညာရေးအရာရှိထံ ပြုစုပေးပို့ပြီး ဆက်လက်၍ သုံးလတစ်ကြိမ် ပြုစုပေးပို့ခြင်း၊

(ဆ) **ကိုယ်ပိုင်ကျောင်းကိုအပြီးပိတ်သိမ်းလိုပါက ကိုယ်ပိုင်ကျောင်းပိတ်သိမ်းခွင့်လျှောက်လွှာပုံစံ (၁၁)တွင် ဖြည့်စွက်ပြီး ပညာရေးအရာရှိထံ အနည်းဆုံးနှစ်လ ကြိုတင်၍ တင်ပြခြင်း။**

၁၈။ တည်ထောင်ဖွင့်လှစ်သူသည် ကိုယ်ပိုင်ကျောင်း၏ သင်ကြားသင်ယူမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍-

(က) အခန်းဆုံးစစ်ဆေးခြင်း၊ နှစ်ဝက်ဆုံးစစ်ဆေးခြင်းများကို ပညာရေးဝန်ကြီးဌာန၏ သတ်မှတ် ချက်နှင့်အညီ ဆောင်ရွက်စေပြီး အတန်းအလိုက်ကျောင်းသား၊ ကျောင်းသူများ၏ ရမှတ်စာရင်း ကိုမှတ်တမ်းတင်ထားရှိရမည်။

(ခ) တွဲဖက်သင်ရိုးဝင်ဘာသာရပ်တစ်ခုခု သင်ကြားနိုင်ရေးနှင့် စပ်လျဉ်း၍ သင့်လျော်သည့် ဘာသာ ရပ်သင်ကိုယ်ပိုင်ကျောင်းဆရာတစ်ဦးဦးကို တာဝန်ပေးနိုင်သည်။

(ဂ) နေ့စဉ် ကျောင်းခေါ်ကြိမ်စာရင်းနှင့် ကျောင်းသားတစ်ဦးချင်း၏ ကိုယ်ရေးမှတ်တမ်းများ ပြည့်စုံ စွာထားရှိဆောင်ရွက်ရမည်။

(ဃ) ကျောင်းသား၊ ကျောင်းသူများအားအတင်းအကျပ် ခိုင်းစေခြင်း၊ ပိတ်လှောင်ခြင်း၊ ပြင်းထန်စွာ အပြစ်ပေးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို မပြုရန် သို့မဟုတ် မပြုလုပ်စေရန် ကြပ်မတ် ဆောင်ရွက်ရမည်။

(င) ကျောင်းသား၊ ကျောင်းသူတစ်ဦး၏ အိပ်စက်အနားယူချိန်သည် နေ့စဉ်ခြောက်နာရီအောက် မလျော့နည်းစေရန်

ကြပ်မတ်ဆောင်ရွက်ရမည်။

(စ) အခြေခံပညာကျောင်းများတွင် အသုံးပြုနေသည့် ကျောင်းသားတစ်ဦးချင်းအလိုက် လစဉ် ပညာရည်တိုးတက်မှုမှတ်တမ်းနှင့် ဘက်စုံပညာအရည်အချင်း မှတ်တမ်းချုပ်များကို ဖြည့်စွက် ပြုစု၍ ထားရှိရမည်။

(ဆ) ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသနှင့် သက်မွေးစသည့် ဘက်စုံပညာအရည်အသွေး ပြည့်ဝစေရန် လေ့ ကျင့်ပျိုးထောင်ပေးရမည်။

(ဇ) အခြေခံပညာကျောင်းများမှဖြစ်စေ၊ ကိုယ်ပိုင်ကျောင်းများမှဖြစ်စေ တရားဝင်ထုတ်ပေးသည့် ကျောင်းပြောင်းလက်မှတ် တင်ပြနိုင်သူကိုသာ စိစစ်၍ သက်ဆိုင်ရာအတန်းတွင် လက်ခံသင် ကြားရမည်။

(ဈ) ပညာသင်နှစ်မကုန်ဆုံးမီ မိမိကျောင်းမှ ကျောင်းပြောင်းလက်မှတ်ရယူလိုသည့် ကျောင်းသားအ တွက် ကျောင်းပြောင်းလက်မှတ်ထုတ်ပေးပြီး အဆိုပါကျောင်းသား၏ ကျောင်းခေါ်ချိန်စာရင်း၊ လစဉ်ပညာရည်တိုးတက်မှုမှတ်တမ်း၊ ဘက်စုံပညာအရည်အချင်းမှတ်တမ်းချုပ်တို့ကို သက်ဆိုင် ရာ ကျောင်းသို့ဆက်လက်လွှဲပြောင်းပေးရမည်။

(ည) စာသင်ခန်းတွင်း သင်ကြားမှုနှင့် ကျောင်းဝင်းအတွင်း လှုပ်ရှားဆောင်ရွက်မှုများသည် ကျောင်း ပတ်ဝန်းကျင်တွင် နေထိုင်သူများကို အနှောင့်အယှက်မဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်ရမည်။

(ဋ) ဒသမတန်းကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ဆိုင်ရာ သတ်မှတ်ချက်များပြည့်မီရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည်။

## အခန်း (၇)

## ကိုယ်ပိုင်ကျောင်းဆရာဆိုင်ရာ စည်းကမ်းချက်များ

၁၉။ ကိုယ်ပိုင်ကျောင်းဆရာဆိုင်ရာ စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သင်ကြားခွင့်ပြုထားသည့် ဘာသာရပ်ကိုသာ သင်ကြားရမည်။

(ခ) ဆရာ၏ ဂုဏ်သိက္ခာနှင့်အညီ ဝတ်စားဆင်ယင်ခြင်း၊ ပြောဆိုသင်ကြားခြင်းပြုရမည်။

(ဂ) သရုပ်ပျက်ဟန်ပန်အမူအရာနှင့် မဖွယ်ရာသည့် ပြောဆိုသုံးနှုန်းမှုများ ကင်းရှင်းရမည်။

(ဃ) ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ်ပါ နှစ်စဉ်ကြေးပေးသွင်းမှု သက်တမ်းကာလအ တွင်းသာ သင်ကြားပို့ချရမည်။

(င) တာဝန်ယူသင်ကြားရမည့် ဘာသာရပ်များ၌ဖြစ်စေ၊ ထပ်ဆောင်းဘာသာရပ်၌ဖြစ်စေ သတ်မှတ် သည့် သင်ရိုးမာတိကာအတိုင်း အပြည့်အဝ သင်ကြားရမည်။

Myanmar Law Information System (MLIS)

## အခန်း (၈)

## အထွေထွေ

၂၀။ တည်ထောင်ဖွင့်လှစ်သူ၊ အုပ်ချုပ်မှုအဖွဲ့ဝင်၊ ကြီးကြပ်အုပ်ချုပ်သူနှင့် ကိုယ်ပိုင်ကျောင်းဆရာတို့သည် နည်းဥပဒေ ၁၅ အရ ပြုလုပ်ခဲ့သော ဝန်ခံကတိပြုချက်ပါ အချက်များကို လိုက်နာဆောင်ရွက်ရမည်။

၂၁။ ပညာရေးဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၁၆ ပါ အချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်း မရှိ ဟု သတင်းရရှိသော ကိုယ်ပိုင်ကျောင်းတစ်ကျောင်းနှင့် စပ်လျဉ်း၍ လိုအပ်သလို စုံစမ်းစစ်ဆေးတင်ပြရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

၂၂။ ပညာရေးအရာရှိသည် ကိုယ်ပိုင်ကျောင်းတစ်ကျောင်းနှင့်စပ်လျဉ်း၍ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းဖြစ်စေ၊ ဥပဒေပုဒ်မ ၁၆ ပါ အချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက် ခြင်းမရှိကြောင်းဖြစ်စေ သတင်းရရှိလျှင် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးစေပြီး စစ်ဆေးတွေ့ ရှိချက်များအပေါ် စိစစ်သုံးသပ်၍ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။ ညွှန်ကြားရေးမှူးချုပ်သည် ပညာရေးအရာရှိ၏ တင်ပြချက်အပေါ် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ပညာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရမည်။

ဒေါက်တာမြအေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

----- **Attachment** -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ (၁) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ကိုယ်ရေးမှတ်တမ်း

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ (၁) ပူးတွဲ (က) အုပ်ချုပ်မှုအဖွဲ့ဝင်များစာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ (၁) ပူးတွဲ (ခ) ---------ကိုယ်ပိုင် -----------ကျောင်း မှတ်ပုံတင်ရန် လျှောက်လွှာအုပ်ချုပ်မှုအဖွဲ့ဝင် တစ်ဦးချင်းအ လိုက် ဖြည့်စွက်ရမည့် ကိုယ်ရေးအချက်အလက်ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ (၁) ပူးတွဲ (ဂ) --------ကိုယ်ပိုင် -----------ကျောင်း မှတ်ပုံတင်ရန် လျှောက်လွှာကြီးကြပ်အုပ်ချုပ်သူ ဖြည့်စွက်ရမည့် ကိုယ်ရေးအချက်အလက်ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ(၂) ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ကြေးပေးသွင်းမှုပုံစံ နည်းဥပဒေ ၄

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ပုံစံ (၃) ------------ကိုယ်ပိုင် -------------ကျောင်းတွင် သင်ကြားမည့် ကိုယ်ပိုင်ကျောင်းဆရာများ အမည်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 ပုံစံ (၄) ကိုယ်ပိုင်ကျောင်းဆရာ အတိုး/ အလျှော့စာရင်း

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပုံစံ (၅) ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10 ဆရာအတတ်ပညာဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ် မရှိဘဲ သင်ကြားမှုအတွေ့အကြုံသာရှိသူအတွက် ညွှန်ကြားရေးမှူးချုပ်၏ မှတ်ချက်

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11 ကိုယ်ရေးမှတ်တမ်း

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12 ပုံစံ (၆) ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်ကြေးပေးသွင်းမှုပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 13 ပုံစံ (၇) ကိုယ်ပိုင်ကျောင်း နှစ်စဉ်ကြေးပေးသွင်းမှုပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 14 ] 14 ပုံစံ (၈) ကိုယ်ပိုင်ကျောင်းဆရာ နှစ်စဉ်ကြေးပေးသွင်းမှုပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 15 ] 15 ပုံစံ (၉) ------------ကိုယ်ပိုင်-------------ကျောင်းမှတ်ပုံတင်လက်မှတ်

[ ပူးတွဲဖော်ပြသော စာရင်း 16 ] 17 ပုံစံ (၁၁) ကိုယ်ပိုင်ကျောင်းပိတ်သိမ်းခွင့် လျှောက်လွှာပုံစံ

Myanmar Law Information System (MLIS)